# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

## အကြမ်းဖက်စစ်ကောင်စီတပ်များကို စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်ခဲ့ခြင်းဆိုင်ရာ ထုတ်ပြန် ကြေညာချက် (၁၁/၂၀၂၁)

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်

(၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်)

၁။ ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့သည် အကြမ်းဖက် စစ်ကောင်စီတပ်များအပေါ် စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ "ပျံလွှားအောင်" စစ်ဆင်ရေးအနေဖြင့် အောက်ပါစစ်ဆင်ရေးလှုပ်ရှားမှု ၄ ခုကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) သုံးခွမြို့နယ်သို့ ရောက်ရှိလာသည့် အကြမ်းဖက်စစ်ကောင်စီတပ်ယာဉ်တန်းကို ဒီဇင်ဘာ ၂၀ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်ခန့်တွင် သုံးခွပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များ၊ Thongwa Youth Force အဖွဲ့ဝင်များနှင့် ကျောက်တန်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (KPDF)အဖွဲ့ဝင်များ ပူးပေါင်း၍ အဝေးထိန်းမိုင်း ၅ လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ ရန်သူစစ်သား ၂ ဦး သေဆုံးပြီး ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း၊

(ခ) စမ်းချောင်းမြို့နယ်ရှိ အကြမ်းဖက်စစ်ကောင်စီတပ်များ အခြေပြု လှုပ်ရှားသွားလာလေ့ရှိသည့် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်ရုံးကို ဒီဇင်ဘာ ၂၀ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဗမာ့လူငယ်ကွန်ရက်က အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲ တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်း၊

(ဂ) ဒဂုံအရှေ့မြို့နယ်၊ အနော်ရထာလမ်းမကြီးပေါ်တွင် ရှေ့ထွက်မိုင်းတစ်လုံးဖောက်ခွဲပြီးနောက် ရောက်ရှိလာသော အကြမ်းဖက်စစ်ကောင်စီကင်းလှည့်ယာဉ်တန်းကို ဒီဇင်ဘာ ၂၁ ရက်နေ့ ည ၇ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Dictator Revolt Front (DRF) အဖွဲ့ဝင်များက နောက်ထပ် မိုင်း ၂ လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ ရန်သူစစ်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(ဃ) ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပဲခူးလမ်းမကြီးပေါ်ရှိ ဒဂုံဆိပ်ကမ်းရဲစခန်းကို ဒီဇင်ဘာ ၂၂ ရက်ယနေ့ နံနက် ၅ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့များဖြစ်သည့် CGF-HTY နှင့် Yangon Federal Army (YFA) တို့ ပူးပေါင်း၍ ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူစစ်သား ၃ ဦးသေဆုံးပြီး အချို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်း။

**ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့**

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့